# Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

## ဖုန်စုပ်စက်(နေအိမ်တွင်အသုံးပြုရန်အတွက်သာ)

မော်ဒယ်နံပါတ်. **MC-CG520 အတွဲ**



MC-CG525
MC-CG523



MC-CG521
MC-CG520


**အသုံးမပြုမီ**

| | |
|---|---|
| အသုံးပြုသူများအတွက်အရေးကြီးသောအန္တရာယ်ကင်းလမ်းညွှန်ချက်များ | ၁ |
| ဖုန်စုပ်စက်တွင်ပါဝင်သောအစိတ်အပိုင်းများ | ၅ |
| ပါဝင်သောအပိုပစ္စည်းများ | ၆ |

**ဘယ်လိုအသုံးပြုမလဲ**

| | |
|---|---|
| ဖုန်စုပ်စက်အသုံးပြုပုံ | ၇ |
| ဖုန်စုပ်စက်သိမ်းဆည်းပုံ | ၈ |
| အမှိုက်ကန်သန့်စင်ပုံ | ၉ |

**လိုအပ်သည့်အချက်များ**

| | |
|---|---|
| ပြုပြင်ထိန်းသိမ်းပုံ | ၁၁ |
| ဝယ်ယူထားသောဖုန်စုပ်စက်ကုမ္ပဏီမှဝန်ဆောင်မှုမတောင်းဆိုမီသိသင့်သောအချက်များ | ၁၄ |
| အသေးစိတ်အချက်အလက်များ | ၁၆ |


ပန်နာဆိုးနစ်ထုတ်ကုန်အားဝယ်ယူအားပေးမှုအတွက်ကျေးဇူးတင်ရှိပါသည်။ဖုန်စုပ်စက်အားကြာရှည်စွာအသုံးပြုနိုင်ရန်နှင့်လွယ်လင့်တကူအသုံးပြုနိုင်ရန်အသုံးမပြုမီသုံးစွဲပုံလမ်းညွှန်ချက်များအားပြည့်စုံစွာဖတ်ပါ။ဤအသုံးပြုပုံလမ်းညွှန်စာအုပ်အားဖတ်ရှုလုံခြုံစွာသိမ်းဆည်းထားပါ။

# ⚠ အသုံးပြုသူများအတွက်အရေးကြီးအချက်အလက်များ

ဖုန်စုပ်စက်အသုံးမပြုမီဤအခြေခံလုံခြုံရေးလမ်းညွှန်ချက်များအားလိုက်နာပါ။

**မှန်ကန်စွာအသုံးပြုနည်း**

- ဤပစ္စည်းသည်အိမ်တွင်းသုံးသက်သက်သာဖြစ်ပြီးဓာတ်မတည့်သောများအတွက်သီးသန့်ပြုလုပ်ထားခြင်းမဟုတ်ပါ။လမ်းညွှန်စာအုပ်ထဲတွင်ဖော်ပြထားသည့်အတိုင်းအသုံးပြုပါ။ တခြားအသုံးပြုပုံများနှင့်အဆင့်မြင့်၍အသုံးပြုခြင်းမှာအန္တရာယ်ရှိပါသည်။ဖုန်စုပ်စက်အားမမှန်မကန်အသုံးပြုသောကြောင့်ပျက်စီးပါကကုမ္ပဏီ၏တာဝန်ယူမည်မဟုတ်ပါ။

## ⚠ အရေးကြီးသတိပေးချက် ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းနှင့်ထိခိုက်ဒဏ်ရာရခြင်းမှကာကွယ်ရန်

- ယင်းဖုန်စုပ်စက်သည်ရုပ်ပိုင်းဆိုင်ရာချို့ယွင်းသူ၊အမြင်အာရုံချို့ယွင်းသူ(သို့)စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူနှင့်ကလေးသူငယ်များ(သို့)အသုံးပြုရန်လုံလောက်သောဗဟုသုတ၊ ပညာပေးထားခြင်းမရှိသူများ၊လုံခြုံရေးဆိုင်ရာတာဝန်ရှိသူမှဖုန်စုပ်စက်အသုံးပြုရန်လမ်းညွှန်ချက်မရရှိဘဲအသုံးမပြုရ။မလိုက်နာပါကဓာတ်လိုက်ခြင်း၊မီးလောင်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်းများဖြစ်နိုင်သည်။
- ဖုန်စုပ်စက်အားကလေးများမဆော့နိုင်ရန်သေချာစွာသိမ်းဆဲထားပါ။မလိုက်နာပါကဓာတ်လိုက်ခြင်း၊မီးလောင်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်းများဖြစ်နိုင်သည်။
- ဖုန်စုပ်စက်မီးအဝင်ကြိုး(သို့)မီးအဝင်ခေါင်းပျက်စီးနေပါကအသုံးမပြုပါနှင့်။ဖုန်စုပ်စက်ပုံမှန်အတိုင်းမလည်ပတ်ခြင်း(သို့)ပြုတ်ကျခြင်း၊ချို့ယွင်းနေခြင်း၊နေအိမ်ပြင်ပတွင် ပစ်ထားခြင်း(သို့) ရေဝင်ခြင်းများဖြစ်ပွားပါကသက်ဆိုင်ရာဝန်ဆောင်မှုပေးရာဌာနနှင့်ဆက်သွယ်ပါ။မလိုက်နာပါကဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများဖြစ်ပွားနိုင်သည်။
- ဖုန်စုပ်စက်မီးအဝင်ကြိုးပျက်စီးနေပါကအန္တရာယ်မရှိစေရန်ကုန်ပစ္စည်းထုတ်လုပ်သူ၊ဝန်ဆောင်မှုပေးနိုင်သောကိုယ်စားလှယ်များ(သို့)နားလည်တတ်ကျွမ်းသောပုဂ္ဂိုလ် များထံပြသပါ။
- ဖုန်စုပ်စက်ပြုပြင်နေစဉ်အတွင်းသို့သန့်ရှင်းရေးမလုပ်မီ မီးပလပ်ပေါက်မှဖုန်စုပ်စက်ပလပ်ကိုဖြုတ်ထားပါ။
- ဖုန်စုပ်စက်ပလပ်မဖြုတ်မီဖုန်စုပ်စက်အားပိတ်ထားပါ။မီးကြိုးမှဆွဲ၍မဖြုတ်ပါနှင့်။အမြဲပလပ်ခေါင်းမှကိုင်၍ဖြုတ်ပါ။
- မီးကြိုးပြန်ရစ်နေစဉ်မီးပလပ်ခေါင်းအားကိုင်ထားပါ။
- စိုနေသောလက်ဖြင့်ဖုန်စုပ်စက်၏ပလပ်ခေါင်းအားမကိုင်ပါနှင့်။
- ဖုန်စုပ်စက်ပေါ်မှလူ(သို့)တိရစ္ဆာန်များတက်၍မသုံးပါနှင့်။
- ဖုန်စုပ်စက်ပျက်စီးခြင်းမှကာကွယ်ရန်အမှိုက်စစ်ဇကာအားခြောက်သွေ့မှအသုံးပြုပါ။
- အောက်ဖော်ပြပါအရာများဖုန်စုပ်စက်ဖြင့်မစုပ်ပါနှင့်။
  - –ပြာပူနှင့်မီးခဲများ
  - –ကြီးမားချွန်ထက်သောအရာများ
  - –ရေ(သို့)တခြားအရည်များ
  - –ပေါက်ကွဲနိုင်သောအရာများ(သို့)ဓာတ်ငွေ့များ
  - –မီးလောင်တတ်သော(သို့)မီးလောင်လွယ်သော အရာများ(သို့)ဓာတ်ငွေ့များ
  - –ခုခံနေစေနိုင်သောအရာများ(ဥပမာ – စက္ကူစများနှင့်ဓာတ်ပုံဖြတ်စများ )
  - –လျှပ်စစ်ကူးစေနိုင်သောအမှုန်များ
- ဖုန်စုပ်စက်အားအပူကျရောက်သောနေရာများနှင့်ဝေးရာတွင်ထားပါ။(ဥပမာ–အပူထုတ်လွှတ်သောကိရိယာ၊မီး၊နေရောင်နှင့်တိုက်ရိုက်ကျသောနေရာ )
- ဖုန်စုပ်စက်အားမီးလောင်လွယ်သောပစ္စည်း(သို့)ဓါတ်ငွေ့များရှိသောနေရာတွင်အသုံးမပြုပါနှင့်။
- ဖုန်စုပ်စက်၏မော်တာအပူလွန်ကဲခြင်းကိုကာကွယ်ရန်အပူချိန်ဖြင့်လည်ပတ်မှုဖြတ်တော်ကသောစနစ်အသုံးပြုထားပါသည်။ဤသို့ဖြစ်ပါကမီးပလပ်အားဖြုတ်၍အမှိုက် ထည့်ကန်နှင့်အမှိုက်စစ်ဇကာများပြည့်ခြင်းနှင့်ပိတ်ဆို့နေခြင်းအားစစ်ဆေးပါ။လေစုပ်ပိုက်များလေစုပ်ပြွန်များပိတ်ဆို့ခြင်းရှိမရှိစစ်ဆေးပါ။ပိတ်ဆို့နေသည်များကိုဖယ်ရှား ပြီး နောက်ဖုန်စုပ်စက်အအေးခံပြီးအပူချိန်တိုင်းကိရိယာပြန်လည်လည်ပတ်သည်အထိမိနစ်၆၀ ခန့်စောင့်ပါ။
- ထိခိုက်ဒဏ်ရာမရစေရန်ဖုန်စုပ်စက်အပူချိန်မြင့်နေပါကအသုံးပြုခြင်း(သို့)သိမ်းဆည်းခြင်းမပြုလုပ်ပါနှင့်။
- ဖုန်စုပ်စက်ပေါ်တွင်မထိုင်ပါနှင့်။
- လှေကားခုံပေါ်တွင်ဖုန်စုပ်စက်အသုံးပြုခြင်းအားဂရုစိုက်ပါ။ပြုတ်ကျနိုင်သည်။
- ဓလုတ်မတိုက်စေရန်ဖုန်စုပ်စက်အားမီးရောင်ရသောနေရာတွင်အသုံးပြုပါ။

## ⚠ သတိပေးချက်

(ဖုန်စုပ်စက်အသုံးပြုပုံမမှန်ကန်ခြင်းသည်သုံးစွဲသူများပြင်းထန်စွာထိခိုက်ခြင်းသေဆုံးခြင်းများဖြစ်စေနိုင်ကြောင်းသတိပေးချက်များဖြစ်သည်)





၁ ။ ဖုန်စုပ်စက်အသုံးပြုနေစဉ်အတွင်းဖုန်စုပ်စက်မီးအဝင်ကြိုးအားလေးလံသောအရာဝတ္ထုအောက်တွင်ဖိမိ၍ပျက်စီးခြင်းမရှိစေရန်ရှောင်ကြဉ်ရမည်။ မလိုက်နာပါက မီးလောင်နိုင်သည်။

၂ ။ ဖုန်စုပ်စက်မီးအဝင်ကြိုးပြန်သိမ်းသောအခါပလပ်ခေါင်းမှကိုင်ထားပါ။မလိုက်နာပါကတခြားအရာများနှင့်ထိမိ၍ဖုန်စုပ်စက်ပလပ်ခေါင်းပျက်စီးနိုင်သည်။

၃။ လေမှုတ်စနစ်အသုံးပြုသောအခါထည့်၍ထုတ်၍ရသောသတ္တုလေစုပ်ပိုက်အားမသုံးပါနှင့်။လေမှုတ်စက်မှလေပူများသည်သတ္တုလေစုပ်ပိုက်အားပါလာနိုင်သောကြောင့်ဖြစ်ပါသည်။

## ဖုန်စုပ်စက်အားအချိန်ကြာမြင့်စွာအသုံးပြုနိုင်ရန်အောက်ပါညွှန်ကြားချက်များကိုလိုက်နာပါ။

- ဖုန်စုပ်စက်သည်အိမ်တွင်းအသုံးပြုရန်သာဖြစ်သည်။စက်ရုံအလုပ်ရုံများ၊ရောင်းဝယ်ဖောက်ကားခြင်းများ(သို့)ပြင်ပသန့်ရှင်းရေးများဆောင်ရွက်ရန်မသင့်ပါ။
- ဖုန်စုပ်စက်ရှိလေစုပ်ပိုက်အားထိခိုက်ပျက်စီးမှုမရှိစေရန်ဂရုပြုကိုင်တွယ်ပါ။
- ဖုန်စုပ်စက်အားအရည်များစိုစွတ်သောအမှိုက်များထိရှလွယ်သောပစ္စည်းများ(မှန်ကွဲများ)သိမ်းဆဲရန်မသုံးပါနှင့်။၎င်းပစ္စည်းများသည်ဖုန်စုပ်စက်အားပျက်စီးစေနိုင်သည်။
- ဖုန်စုပ်စက်အသုံးပြုရာတွင်မိုက်အကွေး(သို့)ထပ်ဆက်ရန်ထားရှိသောပိုက်များဖြင့်အသုံးမပြုရ။၎င်းပိုက်များအသုံးပြုခြင်းဖြင့်ပိုက်အနားများပွန်းပဲ့ခြင်း၊ပိုက်များကျိုးပျက်ခြင်းများဖြစ်စေနိုင်ပါသည်။
- ဖုန်စုပ်စက်အားလေစုပ်ပိုက်ပိတ်ဆို့လျှင်အသုံးမပြုပါနှင့်။အသုံးပြုပါကလည်ပတ်ပုံမမှန်ဖြစ်စေ၍အပူလွန်ကဲစွာဖြစ်ပေါ်နိုင်သည်။
- ဖုန်စုပ်စက်ကိုမ ယူသောအခါလက်ကိုအသုံးပြုပါ။(အကယ်၍လေစုပ်ပိုက် ထုတ်၍ထည့်၍ရသောသတ္တုပိုက်၊သတ္တုလေစုပ်ပိုက်အရှည် ၊ပလတ်စတစ်လေစုပ်ပိုက်ရှည်များပြုတ်ထွက်ခြင်း(သို့)ဖုန်စုပ်စက်အားလေစုပ်ပိုက်ပျော့မှမပါကလေစုပ်ပိုက်ပျက်စီးဖြင်း(သို့)ကြမ်းပြင်ပေါ်တွင်ခြစ်ရာများဖြစ်ပေါ်လာလိမ့်မည်။

# ဖုန်စုပ်စက်တပ်ဆင်ပုံ

( MC-CG525/MC-CG523/MC-CG521 အတွက်သာ)




၁ လေစုပ်ပိုက်ခေါင်းပြားထဲသို့ဖုန်စုပ်တံအားအံကျအောင်ထည့်ပါ။

၂ ပိုက်ခေါင်းပြားနှင့်ဖုန်စုပ်တံတို့ကိုအသုံးအဆောင်ထည့်သည့်ခွက်ထဲသို့ အံကျအောင်ထည့်လိုက်ပါ။







ကော်ဇောနှင့်ကြမ်းပြင်တိုက်သည့်စနစ်ပြောင်းလဲရန် ခလုတ်

- ကြမ်းပြင် : (က) ကိုရွေးပါ။
- ကြမ်းပြင် : (ခ) ကိုရွေးပါ။

အနောက်ဘက်မြင်ကွင်း ( MC-CG525/ MC-CG523/MC-CG521အတွက်သာ )




အနောက်ဘက်မြင်ကွင်း (MC-CG520အတွက်သာ )



ထုတ်နိုင်ထည့်နိုင်သောသတ္တုလေစုပ်ပိုက်/သတ္တုလေပိုက်ရှည်/ပလတ်စတစ် လေစုပ်ပိုက်ရှည်

- ပိုက်များဆက်ရန်တစ်ခုနှင့်တစ်ခုထည့်၍လှည့်ပါ။
- ပြန်ဖြုတ်ရန်လှည့်၍ဆွဲထုတ်ပါ။
- ထုတ်နိုင်ထည့်နိုင်သောပိုက်မှာအကွာအဝေးညှိနိုင်သည်။







- ဖုန်သုတ်တံသည်မမြင်နိုင်သောမှုန်မှုန်များနှင့်စာအုပ်စင်များပရိဘောဂများတွင်အသုံးပြုသည်။လေစုပ်ပိုက်ခေါင်းပြားတွင်တပ်ပါ။

လေစုပ်ပိုက်ကွေး
လေပြင်းအားကိုအလျော့အတင်းပြုလုပ်ရန်

- လိုက်ကာများ(သို့)ကော်ဇောများဖုန်စုပ်ရာတွင်လေပြင်းအားချိန်ညှိကိရိယာကိုသုံးသည်။






# ဖုန်စုပ်စက်တွင်ပါဝင်သောပစ္စည်းအစိတ်အပိုင်းများ

| ပစ္စည်းအမျိုးအစားများ | | MC-CG525 | MC-CG523 | MC-CG521 | MC-CG520 |
|---|---|---|---|---|---|
| လေစုပ်ပိုက်ပျော့ |  | ၁စုံ | ၁စုံ | ၁စုံ | ၁စုံ |
| လေစုပ်အားထိန်းကိရိယာ |  | ၁စုံ | - | - | - |
| ထပ်တိုးနိုင်သောသတ္တု လေစုပ်ပိုက် |  | - | ၂စုံ | ၂စုံ | - |
| ထပ်တိုးနိုင်သောပလတ်စတစ် လေစုပ်ပိုက် |  | - | - | - | ၂စုံ |
| လေစုပ်ပိုက်ကွေး |  | - | - | - | ၁စုံ |
| လေစုပ်ပိုက်ကွေး |  | ၁စုံ | ၁စုံ | ၁စုံ | - |
| အသုံးအဆောင်ထည့်ရန်ခွက် |  | ၁စုံ | ၁စုံ | ၁စုံ | - |
| လေစုပ်ပိုက်ခေါင်းအထိန်း |  | - | - | - | ၁စုံ |
| လေစုပ်ပိုက်ခေါင်းအပြား |  | ၁စုံ | ၁စုံ | ၁စုံ | ၁စုံ |
| ဖုန်သုတ်တံ |  | ၁စုံ | ၁စုံ | ၁စုံ | ၁စုံ |
| ကြမ်းပြင်သုံးလေစုပ်ပိုက်ခေါင်း ၂ဆစ် |  | ၁စုံ | ၁စုံ | - | - |
| ကြမ်းပြင်သုံးလေစုပ်ပိုက်ခေါင်းအဆစ်မပါ |  | — | — | ၁စုံ | ၁စုံ |
| လေစုပ်ပိုက်ဆက် |  | ၁စုံ | ၁စုံ | ၁စုံ | ၁စုံ |
| အမှိုက်အိတ် |  | ၁စုံ | ၁စုံ | ၁စုံ | ၁စုံ |

## ကြမ်းပြင်သုံးဖုန်စုပ်ပိုက်ခေါင်း



■ သစ်သားကြမ်းပြင်သန့်စင်ခြင်း

သစ်သားကြမ်းပြင်များခြစ်ရာထင်ခြင်းမှရှောင်ကြဉ်ရန်သစ်သားကြားမှအမှုန်များအား အပေါ်ယံမှသန့်စင်ပါ။

**မှတ်ချက်**

ကြမ်းပြင်များခြစ်ရာထင်ခြင်းမှရှောင်ရှားရန်ကြမ်းပြင်အားတစ်ဖက်တည်းမှဖုန်စုပ်ခြင်းမပြုလုပ်ပါနှင့်။

■ **ကောဇော်သန့်စင်ခြင်း**

၁. ပထမဦးစွာကြမ်းပြင်လေစုပ်ခေါင်းအားကော်ဇောပေါ်တွင်ရှေ့နောက်ဦးတည်ချက်တစ်ခုတည်းတိုက်ပြီးဇဝဒီဂရီအတိုင်းထပ်ခါထပ်ခါပြုလုပ်ပါ။

၂. နောက်ဆုံးမှအခန်းဒေါင့်များအားသန့်စင်ပါ။

**မှတ်ချက်**

ကော်ဇောအသစ်အားဖုန်စုပ်သောအခါကော်ဇော၏လျော့ရဲနေသောအမျှင်များကြောင့်အမှိုက်အိတ်ခနအတွင်းပြည့်သွားလိမ့်မည်။နောက်ပိုင်းတွင်တဖြည်းဖြည်းလျော့ကျလာပါလိမ့်မည်။

## လေစုပ်ပိုက်ခေါင်းအပြား



- ယင်းလေစုပ်ပိုက်ခေါင်းသည်ပရိဘောဂပစ္စည်းများ၊ ဆိုဖာထောင့်ကြားများနှင့်ကြမ်းပြင်အဟသေးများကြား၌သန့်ရှင်းစေရန်အသုံးပြုသည်။



- လေစုပ်ပိုက်ကွေးကိုကိုင်၍လေစုပ်ပိုက်ခေါင်းပြားနှင့်ပိုက်ခေါင်းပြားအထိန်းအားဆွဲ၍လေစုပ်ပိုက်ကွေးမှဖြုတ်ပါ။



- လေစုပ်ပိုက်အားကိုင်၍လေစုပ်ပိုက်ခေါင်းအားလေစုပ်စက်အားချိန်ညှိကိရိယာတွင်တပ်ပါ။
- လေစုပ်ပိုက်ခေါင်းအားထုတ်ရန်လေစုပ်ပိုက်ကွေးအားကိုင်၍ပိုက်ခေါင်းအထိန်းမှဆွဲထုတ်ပါ။



(MC-CG520 အတွက်သာ )



(MC-CG525/ MC-CG523/MC-CG521 အတွက်သာ)

- ၎င်းလေစုပ်ပိုက်ခေါင်းအပြားကိုပလတ်စတစ်လေစုပ်ပိုက်၊ ထုတ်၍ထည့်၍ရသောလေစုပ်ပိုက်(သို့) လေစုပ်ပိုက်ကွေးများထိပ်တွင်တပ်ဆင်အသုံးပြုနိုင်သည်။ပိုက်ခေါင်းအထိန်းအားတပ်ပါ။လေစုပ်ပိုက်ခေါင်းထိန်းအတွင်းသို့လေစုပ်ပိုက်အားချက်ကနဲမြည်အောင်ထည့်ပါ။

## လေစုပ်ပိုက်ခေါင်းပြားအထိုင်



ချက်ကနဲအသံမမြည်သ၍နှိပ်ပါ။

လေစုပ်ပိုက်ခေါင်းပြားအားမူလအတိုင်းမူလပုံစံအတိုင်းသိမ်းဆည်းရန်ပိုက်ခေါင်းအထိန်းထဲသို့ချက်ကနဲမြည်သည်အထိတွန်းထည့်ပါ။

# ဖုန်စုပ်စက်အသုံးပြုပုံအဆင့်ဆင့်

❶ ဖုန်စုပ်စက်မီးပလပ်ခေါင်းကိုဆွဲထုတ်၍လျှပ်စစ်မီးပလတ်ခုံဖြင့်ဆက်သွယ်ပါ။



❷ ခြေနင်းအဖွင့်အပိတ်ခလုတ်အားနှိပ်ပါ။

ခြေနင်းပြားအစွန်းမဟုတ်ဘဲ ① အမှတ်ပြထားသောနေရာကို နှိပ်ပါ။



❸ ဖုန်စုပ်စက်ပိတ်ရန်နောက်တစ်ကြိမ်နှိပ်ပါ။

❹ ဖုန်စုပ်စက်အားနေးချင်လျှင် “အနေး” ဘက်သို့ပြောင်းပါ။ဖုန်စုပ်စက်ကိုမြန်လိုလျှင် “အမြန်” ဘက်သို့ပြောင်းပါ။

(MC-CG525/523အတွက်သာ)




❺ ဖုန်စုပ်ခြင်းပြီးဆုံးသွားပါကလျှပ်စစ်မီးပလတ်ခုံမှဖုန်စုပ်စက်မီးပလတ်ခေါင်းကိုဖြုတ်ပြီးမီးကြိုးပြန်ခွေသောခလုတ်ကိုနှိပ်ပါ။

- မီးကြိုးပြန်ခွေနေစဉ်အတွင်းဖုန်စုပ်စက်မီးပလတ်ခေါင်းကိုကိုင်ထားခြင်းဖြင့်ထိခိုက်မှုမဖြစ်စေနိုင်ပါ။

ခြေနင်းပြားအစွန်းမဟုတ်ဘဲ (🔌) အမှတ်ပြထားသောနေရာကိုနှိပ်ပါ။



(MC-CG525/523/521အတွက်သာ)

**လေမှုတ်စနစ်** လေမှုတ်စနစ်သည် လေစုပ်ပိုက်ခေါင်းပြားမရောက်သည့်နေရာများတွင်သုံးသည့်စနစ်ဖြစ်သည်။

**အဆင့်၁**

ဖုန်စုပ်စက်အားပိတ်၍လေစုပ်ပိုက်အဆက်အားလက်ခံခေါင်းမှဖြုတ်ပါ။လေစုပ်ပိုက်ဆက်အားလေမှုတ်အပေါက်တွင်သေချာစွာတပ်ပါ။




**အဆင့်၂**

ထို့နောက်လေစုပ်စက်ဖွင့်၍ဖုန်များကိုမှုတ်ထုတ်ပါ။



**အဆင့်၃**

ဖုန်စုပ်စက်အားပိတ်ပြီးလေစုပ်ပိုက်အားလေစုပ်ပိုက်လက်ခံပေါက်တွင်တပ်ပါ။ထို့နောက်ဖုန်စုပ်စက်ဖွင့်၍ဖုန်များကိုစုပ်ပါ။



# ဖုန်စုပ်စက်သိမ်းဆည်းပုံ

## သိမ်းဆည်းပုံ (၂မျိုး)

① ဖုန်စုပ်စက်အားထောင်၍ပိုက်ခေါင်းအထိန်းအားပိုက်ခေါင်းထည့်သည့်နေရာတွင် ဖုန်စုပ်စက်နှင့်ပြောင်းပြန်ထည့်ပါ။

② ထုတ်၍ထည့်၍ရသောသတ္တုပိုက်အားအတိုအနေအထားသို့ညှိ၍လေစုပ်ပိုက်ကွေးအားဖြုတ်ပြီးဖုန်စုပ်စက်ကိုယ်ထည်တွင်ပတ်ထားပါ။ MC-CG525တွင်သာပိုက်ခေါင်းအထိန်း၊ပိုက်ခေါင်းတပ်ရန်အပေါက်ပိုက်ခေါင်းထိန်းအားပိုက်ခေါင်းတပ်သည့်နေရာသို့တည့်တည့်ထည့်ပါ။






- ပိုက်ခေါင်းထိန်းအားပိုက်ခေါင်းတပ်သည့်နေရာသို့တည့်တည့်ထည့်ပါ။

**မှတ်ချက်**

- လက်ကိုင်မှစ၍မပါလေ။
  လေစုပ်ပိုက်ပျော့မှဆွဲမမပါနှင့် (လေစုပ်ပိုက်ပျော့ပျက်ဆီးနိုင်သည်။)
  သိမ်းဆည်းထားသည့်အနေအထားဖြင့်မသယ်ပါနှင့်။

## ရပ်တန့်၍ထောင်ထားသည့်အနေအထား

သန့်ရှင်းရေးလုပ်နေစဉ်ခနရပ်တန့်မည်ဆိုပါကပုံတွင်ပြထားသည့်အတိုင်းလေစုပ်ပိုက်ပျော့နှင့်သတ္တုပိုက်ကိုထောင်လျက်အနေအထားဖြင့်သိမ်းဆည်းထားနိုင်သည်။




**မှတ်ချက်**

ဖုန်စုပ်စက်အားထောင်လျက်ရပ်သည့်အနေအထားပြုလုပ်ပါကစက်အပူချိန်တက်မလာစေရန်စက်အားပိတ်ထားပါ။

# အဝတ်အမှိုက်အိတ်သန့်စင်ပုံ

**အဝတ်အမှိုက်အိတ်သန့်ရှင်းမှုပြကိရိယာ**




ဖုန်စုပ်စက်အားအမြင့်ဆုံးအမြန်နှုန်းသို့ထားပြီးလေစုပ်ခေါင်းကိုကြမ်းပြင်မှမ၍ထားပါ။။အမှိုက်အိတ်အခြေအနေပြမီးနီနေပါကအမှိုက်အိတ်ပြည့်နေပြီးသန့်ရှင်းရန်လိုအပ်ပါသည်။

**မှတ်ချက်**

အကယ်၍ဖုန်စုပ်စက်အားဖွင့်၍အမြန်နှုန်းအားလျှော့ထားပါကအမှိုက်အိတ်ပြည့်နေသော်လည်းအမှိုက်အိတ်အခြေအနေပြမီးလင်းမည်မဟုတ်ပါ။အမှိုက်အိတ်လဲနေစဉ်ဖုန်စုပ်စက်ပိတ်၍မီးပလပ်ဖြုတ်ထားပါ။

## အဝတ်အမှိုက်အိတ်ဖြုတ်ခြင်း

၁




သဲကာအဖုံးနှင့်ချိတ်ကိုမ ၍သဲကာအဖုံးအားထောင်လျက်ထားပါ။

၂



အမှိုက်အိတ်အားအမှိုက်အိတ်အထိန်းမှဖြုတ်ပါ။ အဝတ်အမှိုက်အိတ်အားဆွဲထုတ်ပါ။

၃




အမှိုက်အိတ်အပိတ်အားဖွင့်၍ပစ်ပါ။အမှိုက်အိတ်အပိတ်အားမလွှင့်ပစ်ပါနှင့်။

# အဝတ်အမှိုက်အိတ်တပ်ခြင်း

၁

ပုံ၁




အမှိုက်အိတ်များဖိတ်စင်မှုမဖြစ်စေရန်အမှိုက်အိတ်အပိတ်မတပ်မီပုံ ၁အတိုင်း အမှိုက်အိတ်အစွန်းများအားမညီညာစေအောင်ညှိပါ။အမှိုက်အိတ်အပိတ်တပ်ပြီးအဝတ်အမှိုက်အိတ်ပွင့်ထွက်မှုမရှိစေရန်ပုံ ၂အတိုင်းစစ်ပါ။အမှိုက်အိတ်အပေါ်ပိုင်းအားအမှိုက်အိတ်အထိန်းအတွင်းသို့တင်းကြပ်စွာတပ်ပါ။

ပုံ၂




၂



သဲကာအားချက်ခနဲအသံကြားရသည်အထိပိတ်ပါ။

**မှတ်ချက်**

အမှိုက်အိတ်ကိုလက်ဖြင့်သာလျှော်ဖွတ်နိုင်သည်။ခြောက်သွေ့သွားသည်အထိအရိပ်ထဲတွင်လှန်းထားပါ။အမှိုက်အိတ်အားအဝတ်လျှော်စက်ဖြင့်မလျှော်ပါနှင့်။အမှိုက်အိတ်ပျက်စီးနိုင်သည်။

# ပြုပြင်ထိန်းသိမ်းခြင်း

■ ပြုပြင်ခြင်းမပြုမီဖုန်စုပ်စက်အားပိတ်၍မီးခုံမှမီးပလတ်ဖြုတ်ပါ။

**ကြမ်းပြင်သုံးလေစုပ်ခေါင်း(တစ်လတစ်ကြိမ်စစ်ဆေးပါ)**

• အမျှင်များနှင့်ဆံပင်ချည်များသည်ဖုန်စုပ်စက်၏စုပ်ယူနိုင်စွမ်းကိုလျော့ကျစေသည်။

• သွားပွတ်တံ(သို့)အလားတူပစ္စည်းများသုံး၍အမှိုက်များ၊အဝတ်စမျှင်များ၊ကြိုးအမျှင်များစသည်တို့ကိုသန့်စင်ပါ။
ကတ်ကြေးတစ်လက်ယူ၍ကော်ဇောအမျှင်များ၊ဆံပင်ချည်များကိုဖြတ်ထုတ်ပစ်ပါ။





**အဓိကအပိုင်းနှင့်အသေးအမွှားပစ္စည်းများ**



• ဖုန်စုပ်စက်အားရေစိုဝတ်ဖြင့်ဖြည်းညှင်းစွာပတ်ပါ။

**မှတ်ချက်**

• ဖုန်စုပ်စက်ကိုယ်ထည်အားဘင်ဇင်း၊သုတ်ဆေး၊၊အရက်ပြန်၊တင်ဒါတို့ဖြင့်သန့်ရှင်းခြင်းမပြုလုပ်ပါနှင့်။အကွက်ထင်ခြင်းအရောင်ကျွတ်ခြင်းများဖြစ်နိုင်သည်။

• ဖုန်စုပ်စက်အားလေပူဖြင့်အခြောက်မခံပါနှင့် (ဆံပင်အခြောက်ခံစက်) ။စက်ချို့ယွင်းမှုများဖြစ်နိုင်သည်။

• ဖုန်စုပ်စက်အားဓာတုဗေဒပစ္စည်းပါသောအဝတ်စဖြင့်သန့်ရှင်းရေးလုပ်ပါကညွှန်ကြားချက်များအတိုင်းလိုက်နာပါ။

**အမှိုက်စစ်ဇကာ**



၁။ အမှိုက်အိတ်ကိုဖြုတ်ပါ။ (စာမျက်နှာ ၁၁ တွင်အသေးစိတ်ဖော်ပြထားသည်။

၂။ အမှိုက်စစ်ဇကာကိုဖြုတ်ပါ။




၃။ အမှိုက်စစ်ဇကာကိုရေဖြင့်ဆေးပါ။

အမှိုက်စစ်ဇကာကိုရေစွတ်ပါ။ထို့နောက်ရေများညှစ်ထုတ်၍အရိပ်ရသည့်နေရာတွင်ခြောက်သွားသည်အထိဆွဲထားပါ။



၄။ အမှိုက်စစ်ဇကာနှင့်အမှိုက်အိတ်ကိုမူလနေရာတွင်ပြန်တပ်ထားပါ။

- စက်ကိုအရည်များ(သို့) စိုနေသောအမှိုက်များကိုစုပ်ယူခြင်းမပြုပါနှင့်။




- အမှိုက်စစ်ဇကာကိုသန့်ရှင်းရေးပြုလုပ်ရန်ဖြုတ်ပြီးပါကမူလအတိုင်းပြန်တပ်ရန်သေချာပါစေ။




**မှတ်ချက်**

- အမှိုက်စစ်ဇကာအားအဝတ်လျှော်စက်ဖြင့်လျှော်ခြင်း၊ရေညှစ်စက်ဖြင့်ညှစ်ခြင်း၊အဝတ်အခြောက်ခံစက်ဖြင့်အခြောက်ခံခြင်းမပြုလုပ်ရ။အမှိုက်စစ်ဇကာမှအစများထွက်၍အတွင်းပိုင်းညစ်ပတ်ပြီးမော်တာပျက်စီးနိုင်ပါသည်။
- အရေးကြီးသတိပေးချက် ။ ဖုန်စုပ်စက်အသုံးပြုသောအခါအမှိုက်စစ်ဇကာအားမှားယွင်းစွာမတပ်ဆင်ပါနှင့်။ထိုသို့ပြုလုပ်ပါက မော်တာထိခိုက်နိုင်ပါသည်။



نکنید

# အမှိုက်စစ်ဇကာထိန်းသိမ်းခြင်း

ပိုးမွှားအန္တရာယ်ကာကွယ်နိုင်သောအမှိုက်စစ်ဇကာ(သို့)ရိုးရိုး အမှိုက်စစ်ဇကာ (စက်၏ မော်ဒယ်အပေါ်မူတည်၍)ဖုန်စုပ်စက်၏အနောက်ဘက်အပေါ်အတွင်းတွင်တပ်ဆင်ထားသည်။ ၎င်းအမှိုက်စစ်ဇကာသည်လေထဲတွင်ပါဝင်သောသေးငယ်သောအမှုန်များကိုပါထိန်းသိမ်းထားနိုင်သည်။ ထို့ကြောင့်၎င်းအမှုန်စစ်ဇကာနှစ်မျိုးလုံးအားတစ်နှစ်တစ်ခါလဲလှယ်ပေးရန်အကြံပေးလိုပါသည်။ အမှုန်များအားအမြင့်ဆုံးစစ်ထုတ်နိုင်သောဇကာနှင့်သာမန်ဇကာနှစ်ခုလုံးအားပျက်စီးဆုံးရှုံးမှုမှကာကွယ်ရန်မလျှော့ပါနှင့်။ အမှုန်များအားအမြင့်ဆုံးစစ်ထုတ်နိုင်သောအမှိုက်ဇကာနှင့်သာမန်အမှိုက်စစ်ဇကာတို့ကိုထုတ်ယူရန်ပုံတွင်ပြထားသကဲ့သို့အမှိုက်စစ်ဇကာထည့်သည့်ဖုံးကိုဆွဲထုတ်လိုက်ပါ။






نكنيد

# ဝယ်ယူထားသောဖုန်စုပ်စက်ကုမ္ပဏီမှဝန်ဆောင်မှုမတောင်းခံမီသိထားသင့်သော အချက်များ

## ⚠ အရေးကြီးသတိပေးချက်

(ဓာတ်လိုက်ခြင်း(သို့)ကိုယ်တိုင်ကြုံတွေ့နိုင်သောအန္တရာယ်များ)

ဖုန်စုပ်စက်အားပြုပြင်ခြင်း(သို့) သန့်ရှင်းခြင်းမပြုလုပ်မီလျှပ်စစ်မီးကြိုးဖြုတ်ထားပါ။ဤကဲ့သို့မလုပ်ဆောင်ပါကဖုန်စုပ်စက်ရုတ်တရက်လည်ပတ်၍ ဓာတ်လိုက်ခြင်း(သို့)ထိခိုက်ဒဏ်ရာရရှိနိုင်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသောဖုန်စုပ်စက်အသုံးပြုစဉ်ကြုံတွေ့နိုင်သောပြဿနာများသည်သုံးစွဲသူတို့ကိုယ်တိုင်လုပ်ဆောင်နိုင်သောအသေးစားပြဿနာများဖြစ်ပါသည်။ထိုဇယားကွက်တွင်ဖော်ပြထားသောပြဿနာများမှအပဖုန်စုပ်စက်အသုံးပြုနေစဉ်ဖြစ်ပေါ်လာသောအခြားပြဿနာများအားကုမ္ပဏီမှအသိမှတ်ပြုထားသောကျွမ်းကျင်ဌာနများတွင်သာပြသသင့်ပါသည်။

| ပြဿနာ | ဖြစ်ရသောအကြောင်းအရင်း | ဖြေရှင်းရန်နည်းလမ်း |
|---|---|---|
| ဖုန်စုပ်စက်မလည်ပတ်လျှင် | ၁ မီးပလပ်မထိုးထားမိခြင်း / ပြုတ်နေခြင်း | ၁ ဖုန်စုပ်စက်ပလပ်ကိုသေချာစွာထိုးပါ။ဖုန်စုပ်စက်ခလုတ်ကိုဖွင့်ပါ။ |
| ဖုန်စုပ်စက်စွမ်းရည်လျော့ကျနေခြင်း | ၁ ဖုန်စုပ်စက်တွင်းရှိအမှိုက်အိတ်ပြည့်ခြင်း(သို့) ပိတ်ဆို့နေခြင်း<br>၂ လေစုပ်ပိုက်ခေါင်း၊လေစုပ်ပိုက်ကွေး၊လေစုပ်ပိုက်ရှည်(သို့)လေစုပ် ပိုက်ပျော့ပိတ်ဆို့နေခြင်း<br>၃ လေစုပ်ပိုက်မလုံခြင်း<br>၄ အမှိုက်စစ်ဇကာညစ်ပတ်နေခြင်း | ၁ အမှိုက်ဝတ်အိတ်ကိုသန့်ရှင်းပါ။<br>၂ ပိတ်ဆို့နေသည်များကိုစစ်ပါ။<br>၃ ပိတ်ဆို့နေသည်များကိုစစ်ပါ။<br>၄ လေစုပ်ပိုက်အဆက်များကိုစစ်ဆေးပါ။<br>၅ အမှိုက်စစ်ဇကာကိုသန့်ရှင်းပေးပါ။ |
| ဖုန်စုပ်စက်အသုံးပြုစဉ်ရပ်သွားခြင်း | ၁ အမှိုက်အိတ်ပြည့်ခြင်း(သို့)ပိတ်ဆို့နေခြင်း<br>၂ ဖုန်စုပ်ခေါင်းများပိတ်ခြင်း<br>၃ ပိုက်များပိတ်ခြင်း<br>၄ အပူချိန်ထိန်းညှိကိရိယာပွင့်ခြင်း<br>. | ၁ အမှိုက်ဝတ်အိတ်ကိုသန့်ရှင်းပါ။<br>၂ ပိတ်ဆို့နေသည်များကိုစစ်ပါ။<br>၃ ပိတ်ဆို့နေသည်များကိုစစ်ပါ။<br>၄ ဖုန်စုပ်စက်အားပလပ်ဖြုတ်၍လုံခြုံရေးကိရိယာပြန်လည်အလုပ်လုပ်လာသည်အထိ(၆၀ မိနစ်ခန့် )အအေးခံပေးပါ။ |
| ဖုန်စုပ်စက်မီးအဝင်ကြိုးပြန်သိမ်း၍မရခြင်း | ၁ ဖုန်စုပ်စက်မီးအဝင်ကြိုးမညီမညာရစ်ပတ်ထားခြင်း<br>၂ ဖုန်စုပ်စက်မီးအဝင်ကြိုးလိမ်နေခြင်း | ၁ ဖုန်စုပ်စက်မီးကြိုးအား ၂မီတာ(သို့)၃မီတာဆွဲထုတ်ပြီးမှပြန်သိမ်းပါ။<br>၂ ဖုန်စုပ်စက်မီးအဝင်ကြိုးအားထပ်ခါထပ်ခါဆွဲထုတ်ခြင်းပြန်ရစ်ခြင်းပြုလုပ်ပေးပါ။(ကြိုးဆွဲထုတ်ရာတွင်အားအလွန်အကျွံသုံး၍မဆွဲပါနှင့်။) |

| | |
|---|---|
| ဖော်ပြပါပြဿနာများဖြေရှင်းပြီး၍ကျန်ရှိနေလျှင် | မိမိတို့ဝယ်ယူထားသောဆိုင်သို့ဖုန်စုပ်စက်အစုံလိုက်ပြန်ယူလာပေးပါ။မိမိတို့ကိုယ်တိုင်မပြုပြင်ပါနှင့်။ |

## ⚠ သတိပေးချက်

• ဖုန်စုပ်စက်အသုံးပြုနေစဉ်အတွင်းမီးပလပ်ခေါင်း၊မီးအဝင်ကြိုးနှင့်ဖုန်စုပ်စက်ကိုယ်ထည်သည်သတ်မှတ်ထားသောအပူချိန်တွင်ရှိနေမည်ဖြစ်ပါသည်။ထိုကိစ္စသည်သာမန်မျှသာဖြစ်သည်။

## ဖုန်စုပ်စက်လုံခြုံရေးကိရိယာ

**• ဖုန်စုပ်စက်လုံခြုံရေးကိရိယာအသက်ဝင်လာခြင်း**

ဖုန်စုပ်စက်အားလေဝင်ပေါက်နှင့်အထွက်ပေါက်များပိတ်လျက်အချိန်ကြာမြင့်စွာလည်ပတ်ထားစေခြင်း၊အမှိုက်အိတ်ပြည့်လျက်ဆက်လက်အသုံးပြုနေခြင်း(သို့)လေစုပ်ပိုက်ခေါင်း၊လေစုပ်ပိုက်ကွေး၊လေစုပ်ပိုက်အရှည်နှင့်လေစုပ်ပိုက်အပျော့များတွင်အမှိုက်များပိတ်နေသောအခါလုံခြုံရေးကိရိယာအသက်ဝင်လာ၍လေစုပ်မော်တာအပူလွန်ကဲစွာဖြစ်ပေါ်ခြင်းကိုကာကွယ်ပေးပါသည်။

**• ဘယ်လိုလုပ်ဆောင်မလဲ**

အမှိုက်အိတ်အသစ်လဲခြင်း(သို့)အမှိုက်အိတ်သန့်ရှင်းခြင်း(သို့)လေစုပ်ခေါင်း၊လေစုပ်ပိုက်ကွေး၊လေစုပ်ပိုက်ရှည်နှင့်ပိုက်ပျော့တို့တွင်ပိတ်ဆို့နေသောအရာများအားဖယ်ရှားခြင်းပြုလုပ်ပါ။

**• ဘယ်ချိန်ပြန်သုံးနိုင်မလဲ**

မိနစ် ၆၀ ခန့်စောင့်ပါ။(ပတ်ဝန်းကျင်အပူချိန်အပေါ်တွင်မူတည်သည်။)လုံခြုံရေးကိရိယာပြန်လည်လည်ပတ်၍ဖုန်စုပ်စက်ပြန်လည်အသုံးပြုနိုင်ပါသည်။

# အသေးစိတ်အချက်အလက်များ

| မော်ဒယ်နံပါတ် | MC-CG525 | MC-CG523 | MC-CG521 | MC-CG520 |
|---|---|---|---|---|
| ဖုန်စုပ်စက်တွင်သုံးစွဲရမည့်လျှပ်စစ်ပမာဏ | ၂၂၀ – ၂၄၀ဗို့~ ၅၀/၆၀ဟတ်စ် | | | |
| ခံနိုင်သောလျှပ်စစ်ပမာဏ(အများဆုံး) | ၁၇၀၀ဝပ် | ၁၅၀၀ဝပ် | ၁၄၀၀ဝပ် | |
| ခံနိုင်သောလျှပ်စစ်ပမာဏ(နိုင်ငံတကာ) | ၁၄၀၀–၁၆၅၀ဝပ် | ၁၁၃၀–၁၃၅၀ဝပ် | ၁၁၀၀–၁၂၅၀ဝပ် | |
| ပါဝါခလုတ် | လည်ပတ်နိုင်သည်။ | | မလည်ပတ်နိုင်ပါ။ | |
| အမှိုက်ဝင်ဆံ့မှုပမာဏ | ၄လီတာ | | | |
| အလိုအလျောက်မီးကြိုးရစ်ခြင်း | O | | | |
| အမှိုက်ကန်အခြေအနေပြမီး | O | | | |
| အမှုန်မွှားများကိုကာကွယ်ပေးသောဇကာ | ပိုးမွှားအန္တရာယ်မှကာကွယ်ခြင်း | ရိုးရိုး | | |
| လေစုပ်ပိုက်အရှည် | ထုတ်၍ထည့်၍ရသောသတ္တုပိုက်ရှည် | သတ္တုပိုက်<br>(၂စုံ) | | ပလတ်စတစ်ပိုက်<br>(၂စုံ) |
| လေမှုတ်စက်အသုံးပြုခြင်း | O | | | - |
| ကြမ်းပြင်သုံးဖုန်စုပ်ခေါင်း | ၂ဆစ် | | ရိုးရိုး | |
| အမှိုက်အိတ် | အဝတ်အိတ် | | | |
| ဖုန်စုပ်စက် အတိုင်းအတာ(အလျား×အနံ×အမြင့်) | ၂၄၀ × ၃၀၄ × ၄၅၀ မီလီမီတာ | | | |
| ဖုန်စုပ်စက်အလေးချိန် | ၄.၅ကီလိုဂရမ် | | | |
| မီးကြိုးအရှည် | ၅.၀မီတာ | | | |
| သန့်ရှင်းရေးပစ္စည်းများ | လေစုပ်ပိုက်ခေါင်းပြား။ဖုန်သုတ်တံ | | | |

- ကြိုတင်အကြောင်းကြားမှုမရှိဘဲဒီဇိုင်းနှင့်အသေးစိတ်အချက်အလက်များပြောင်းလဲနိုင်သည်။
- ဖုန်စုပ်စက်၏အလေးချိန်နှင့်အတိုင်းအတာမှာ ခန့်မှန်းခြေဖြစ်သည်။

Panasonic Manufacturing Malaysia Berhad.

No. 3, Jalan Sesiku 15/2, Section 15, Shah Alam Industrial Site,
40200 Shah Alam, Selangor Darul Ehsan, Malaysia.